## သင်္ကြန်ပွဲတော်[ပြင်ဆင်ရန်]

*အကျယ်တဝင့် ဖော်ပြထားသောဆောင်းပါး - သင်္ကြန်*

တန်ခူးလ မိဿရာသီတွင် သင်္ကြန်ပွဲတော်ကို ကျင်းပ သည်။ နှစ်သစ်ကူးပွဲဖြစ်သော ဤပွဲတော်အတွင်း၌ မြန်မာလူမျိုးတို့သည် နံ့သာရည်ဖြင့် တစ်ဦးနှင့်တစ်ဦး သွန်းလောင်းပျော်မြူး လေ့ရှိပုံကို အင်းဝမြို့ဘွဲ့ ဆဲ့နှစ်ရာသီလူးတားတွင် ဤသို့ဖွဲ့ဆို ထားချက် ရှိလေသည်။ တောင်လေသုတ်ဖြူး၊ လတန်ခူးမူမြူးတူးပျော်ရွှင်၊ တာသဘင်ဝယ်ဆင်ယင်တုပ၊ လွရရွှတည့်။ ငြိမ့်မျှစောင်းငြင်း၊ အဲသီချင်းနှင့်ထုံသင်းနံ့သာ၊ ရေသီတာဝယ်စမ္ပာကရမက်၊ ပန်းပေါင်းဖက်၍ရွှေခွက်အပြည့်၊ မွှေးမျိုးထည့်မှလည်လှည့်ဆူလှယ်၊ တင့်စံပယ်လျက်ပြိုးရယ်ရွှင်အား၊ စံပျော်ပါးသည်ကစားထုံရည် ဖျန်းထည့်လေ။

## ညောင်ရေသွန်းပွဲတော်[ပြင်ဆင်ရန်]

*အကျယ်တဝင့် ဖော်ပြထားသောဆောင်းပါး - ညောင်ရေသွန်းပွဲ*

ကဆုန်လ ပြိဿရာသီတွင် ညောင်ရေသွန်းပွဲတော်ကို ကျင်းပသည်။ ဤပွဲတော်သည်ကား ရေပြတ်၍ ခြောက်သွေ့နေသော ဘုရားပွင့်ရာ ဗောဓိညောင်ပင်ကို ရေသွန်းလောင်းပူဇော် သော ပွဲတော်ဖြစ်လေသည်။ ညောင်ရေသွန်းပွဲတော်အကြောင်းကို ရှေးစာဆိုတို့သည် နှစ်နှစ်သက်သက် ဖွဲ့ဆိုခဲ့ကြသည်။ အနောက် ဘက်လွန်မင်းလက်ထက်က မင်းဇေယျနန္ဒမိတ် ဖွဲ့ဆိုပုံမှာကား။ ကဆုန်တွင်လည်းပြာစင်ညက်ဖြူ၊ ရွှေပြည်သူတို့သင်းမြူကြိုင်စွာ၊ ရေနံ့သာဝယ်ရင်းမာကွမ်းဘူး၊ စကားဦးနှင့်ထွန်းမြူးလျှံမောင်း၊ မွေတော်ပေါင်းကိုပျံ့လှောင်းကြိုင်ရွှင်း၊ အဲသီချင်းနှင့်ပြန်တင်းရည်စောင်း၊ အဆောင်ဆောင်သည်ခါညောင်မသွန်းလှည့်လေလော။ သူ၍ဖြစ်လေသည်။

## စာပြန်ပွဲတော်[ပြင်ဆင်ရန်]

*အကျယ်တဝင့် ဖော်ပြထားသောဆောင်းပါး - စာပြန်တော်ပွဲ*

နယုန်လ မေထုန်ရာသီတွင် စာပေကျမ်းဂန်သင်ကြား နေကြသော ပုဂ္ဂိုလ်တို့ စာပြန်ရသော စာပြန်ပွဲတော်ကို ကျင်းပသည်။ မင်းတုန်းမင်းလက်ထက်တွင်ကျင်းပသော စာပြန်ပွဲတော် တစ်ခုအကြောင်းကို ကုန်းဘောင်ဆင်မဟာရာဇဝင်တော်ကြီးတွင် ဤသို့တွေ့ရလေသည်။ နယုန်လဆန်း ရှစ်ရက်နေ့ကစ၍ ဝါဆိုလဆန်းရှစ်ရက်နေ့ တိုင် မန္တလေးတောင်၏အနီး၊ သုဓမ္မာစရပ်တော်နှင့် စန္ဒာ မုနိဘုရားပြင်ယံရှိ စရပ်တော်များတွင် ဝဲယာခွဲ၍၊ တံဆိပ် တော်ရ မရ ဆရာတော်သံဃာတော်တို့ ကြပ်မလျက် ပထမကျော်တစ်၊ ပထမကြီးတစ်ကျိပ်ကိုး၊ ပထမလတ် ပထမငယ် စသော အတန်းအဆင့်ရှိသည့် ပထမစာတော် ပြန်ပဥ္စင်းလောင်းတော် ရှင်လောင်းတော် ဦးရေတစ်ထောင် တို့ တစ်လတိုင်တိုင် ပထမစာတော်ပြန်ဆိုမြဲပြန်ဆိုကြရ သည်။ ပထမစာတော်ပြန်ဆိုသူတို့မှာ ပထမကျော်နှင့် ပထမကြီးများမှာ ပတ္တမြားနားတောင်း၊ ပတ္တမြားလက် ကောက်၊ ပုတီး၊

လက်စွပ်၊ စလွယ်ဆင်ယင်၍၊ ရွှေထီးလေးချက် ဆောင်းမိုး၍၊ လူဆွဲရွှေရထားတော်ထက် စီးရ သည်။ အဆောင်အရွက်စုံကိုင် နောက်လိုက်နောက်ပါလူ နှစ်ကျိပ်တို့က ဝတ်ကောင်းဝတ်သန့်နှင့် လိုက်ကြရသည်။ ပထမစာတော်ပြန်မည့်သူတို့ကို ရှေ့တော်သို့သွင်း ဝတ်ဆင် ရန် ရွှေကျင်ခတ်ခေါင်းပေါင်း၊ လွန်းများ ပုဆိုး၊ ဖဲပုဆိုး၊ ပိုးပုဆိုး၊ အင်္ကျီ၊ ပုဝါများကို တစ်ယောက်လျှင်ငါးလဲကျစီ နှင့် မုံ့ဘိုးငွေတစ်ရာကျစီ အောက်ခံထား၍၊ အထက်ကိုစာဝါနိမ့်မြင့်အလျှောက် တိုးတက်ချီးမြှင့်သနားတော်မြတ်ခံ ရသည်။ ဤစဉ်အခါ ရွှေမြို့တော်လေးပြင်ရှိ ကျောင်းတိုက် တော်ဟူသမျှက ပထမစာတော်ပြန် အသီးအသီးထွက်ကြ သောကြောင့် ရွှေထီးရောင် ရွှေရထားရောင်တို့သည် ထိန် ပြောင်ဝင်းလက်၍ တစ်တိုက်နှင့်တစ်တိုက် တရောတရှက် တည်း ရှုမငြီးအောင် ရှိသောဟူ၏။ ပထမပြန်စာမေးပွဲ။

## ပဥ္စင်းခံပွဲ[ပြင်ဆင်ရန်]

ဝါဆိုလ ကရကဋ်ရာသီတွင် 'နရိန္ဒာလဲ၊ ညာတောင် နတ်နှင့်၊ ဖိုလ်မြတ်ကယ်နိဗ္ဗူ၊ အောင်ဆုယူလို့၊ ရှစ်ဖြူရိပ်စံ၊ ပဥ္စင်းတော်ခံသောအခါ၊ ရေလျှံတဲ့ဝါဆိုမှာ၊ ပုန်းညက်ညိုမှာလာ မင်းက၊ သင်းလှတယ်လေး' ဟူသော ရှေးလွှမ်းချင်းနှင့်အညီ ပဥ္စင်းခံပွဲများကို ကျင်းပလေ့ရှိခဲ့လေသည်။ ဘကြီးတော်မင်း တရား ပဥ္စင်းခံပွဲ ကျင်းပခဲ့သည်ကို ထိုရာဇဝင်တော်ကြီးတွင် ဤသို့တွေ့ရလေသည်။ ဝါဆိုလဆန်းတစ်ဆယ့်ငါးရက်နေ့ ပထမပဥ္စင်းလောင်း တစ်ဆယ်၊ သာမဏေလောင်းတစ်ဆယ့်နှစ်တို့ကို အတွင်း တော်သို့သွင်းပြီးလျှင်၊ အရှင်မိဘုရားခေါင်ကြီးနှင့် ရေစက် သွန်းတော်မူ၍၊ ပဥ္စင်းသာမဏေပြုတော်မူသည်။ ပရိက္ခရာ ရှစ်ပါးနှင့်တကွ ရဟန်းတို့အသုံးအဆောင်နှင့် စပ်သည်ကို လည်း အစေ့အစုံလှူတော်မူသည်။ ထို့ပြင်လည်း သက် တော်စေ့ပဥ္စင်း သာမဏေ သုံးဆဲ့ခုနစ်ပါးပြုတော်မူသည်။

## စာရေးတံပွဲ[ပြင်ဆင်ရန်]

ဝါခေါင်လ သိဟ်ရာသီတွင် ရဟန်းသံဃာတို့အား ဆွမ်းခဲဘွယ်တို့ကိုငင်း၊ ရဟန်းအသုံးအဆောင်တို့ကိုငင်း စာရေး တံမဲချ၍ လှူဒါန်းရသော စာရေးတံပွဲကို ကျင်းပကြလေသည်။ ဘကြီးတော်မင်းတရား လက်ထက် စာရေးတံပွဲကျင်းပပုံကို ထို ရာဇဝင်တော်ကြီးတွင် ဤသို့တွေ့ရလေသည်။ ဝါခေါင်လပြည့်ကျော်ရှစ်ရက်နေ့ ဂါမဝါသီပုဂ္ဂိုလ်၊ အရညဝါသီပုဂ္ဂိုလ်၊ အရိယာသံဃာတော် အပေါင်းတို့အား ပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန်းတို့အသုံးအဆောင်နှင့်စပ် သည်ကို အစေ့အစုံဆွဲ၍ ပဒေသာပင်ရေနှစ်ရာ့ခြောက်ဆယ် (၂၆၀)ကို အတွင်းတော်သို့သွင်းပြီးလျှင်၊ အရှင်မိဘုရား ခေါင်ကြီးနှင့်တကွ ရေစက်သွန်းချတော်မူ၍၊သဘာကဘတ် စာရေးတံဆွမ်းလှူတော်မူသည်။

## လှေပြိုင်ပွဲ[ပြင်ဆင်ရန်]

*အကျယ်တဝင့် ဖော်ပြထားသောဆောင်းပါး - လှေပြိုင်ပွဲ*

တော်သလင်းလ ကန်ရာသီတွင် မိုးလေကင်းရှင်း၍ လှိုင်းလေ ငြိမ်သက်သောကြောင့် ဧရာဝတီမြစ်အတွင်း၌ လှေပြိုင်ပွဲများကို ကျင်းပကြရိုးဖြစ်လေသည်။ သီပေါမင်းတရား လက်ထက် လှေပွဲသဘင်ကျင်းပပုံကို ထိုရာဇဝင်တော်ကြီးတွင် ဤသို့တွေ့ရလေသည်။ ယင်းသည့် လဆန်းတစ်ဆယ့်တစ်ရက်နေ့ နှစ်စဉ်ကျင်းပမြဲ ရေသဘင်ပွဲတော်ပြုလုပ်ရန် မှူးတော်မတ်တော် အရာရှိတို့ ရွှေမြို့တော်အနောက်မျက်နှာ ဧရာဝတီမြစ်ဆိပ်သို့ထွက်လာကြပြီးလျှင် လှေချလွှတ်ရန် သမ္ပန်ကိုဝန်ထောက်ဝက်မစ္စတ် မြို့စား မင်းကြီးမင်းထင်မဟာစည်သူ သွားရောက်ဘက်စပ် ချထားရသည်။ ပထမလှေ ရှေ့ဖျားတွဲဘက်မရှိ၍ စုန်သွားစေရသည်။ ပြီးလျှင် လက်ရွေးကြီး၊ လက်သစ်၊ လှော် ကားတော်ကြီးနှစ်စင်း၊ ၎င်းနောက် ပြည်လုံးအံ့နှင့်ရွေးကြီး တွဲဘက်ပြိုင်ဆိုင်စေရသည်။ ပြီးလျှင် လှော်ကားတော်စင်း ရေတစ်ဆယ့်နှစ်၊ ပြီးလျှင် ပုလိပ်ရွှေခဲ၊ အစေခံတောင်လုံး၊ ပွဲတိုင်းကျော်၊ ထွက်တိုင်းရစေသော လှော်လှေတော်စင်းရေ နှစ်ဆဲ့နှစ်၊ ပြီးလျှင် ရွှေတုံး၊ မင်းစံ၊ တောင်လုံးမှိုင်း၊ ရွှေလောင်းကြီး၊ ယင်ပုံ၊ မင်္ဂလာရန်နင်း၊ ခိုတောင်ရွှေခဲစသော ခတ်လှေတော်နှစ်ဆဲ့ ရှစ်စင်း၊ ပြီးလျှင် သုံးလူ့တောက်ပ၊ သုံးလူပူဇော်စသော လောင်းတော်စင်းရေနှစ်ဆဲ့ကိုး၊ ပြီးလျှင် သေနတ်အစုအမှုထမ်းတို့ရဲလှေ စင်းရေလေးဆဲ့ ငါး၊ ပြီးလျှင် မှူးတော်မတ်တော်တို့ လှော်ကားချင်း ပြိုင် ဆိုင်ရသည်။ ၎င်းလဆန်း တစ်ဆယ့်သုံးရက်နေ့ ပင်လယ် သွားစကြာယာဉ်ပျံသင်္ဘောတော်၊ ဧရာဝတီမြစ်သွားရတနာယာဉ်သာ၊ ရတနာယာဉ်ပျံ၊ စကြာရန်လွှင့်စသော သင်္ဘောတော်စင်းရေ နှစ်ဆဲ့နှစ်ကို တွဲဘက်ပြိုင်ဆိုင်ရ သည်။ ပြီးလျှင် အထက်နေ့က ခိုတောင်ရွှေခဲ ခတ်လှေ တော်နှင့် မင်္ဂလာရန်နင်း ခတ်လှေတော် ပြိုင်ဆိုင်ရာ၊ မင်္ဂလာရန်နင်း ရှုံးနိမ့်သည်ကို စိတ်မကြေ ထပ်မံပြိုင် ဆိုင်ရန် အမိန့်တော်မြတ်ခံပြီးဖြစ်သည့်အတိုင်း၊ ၎င်းလှေ တော်နှစ်စင်း ပြိုင်ဆိုင်ကြရာ၊ မင်္ဂလာရန်နင်းနိုင်၍၊ ပန်းရ သည်။ ပြီးလျှင် ရေသဘင်ပွဲတော်သိမ်းသည်။

## မီးထွန်းပွဲ [ပြင်ဆင်ရန်]

*အကျယ်တဝင့် ဖော်ပြထားသောဆောင်းပါး - သီတင်းကျွတ်ပွဲတော်*

သီတင်းကျွတ်လ တူရာသီတွင် မြတ်စွာဘုရားသခင် နတ်ပြည်မှ ဆင်းသက်ခဲ့ဘူးသည်ကို အကြောင်းပြု၍ မီးစောင်းတန်း မီးမြင့်မိုများထွန်းညှိကာ မီးပွဲသဘင်ကို ဆင်ယင်ကျင်းပ ကြရိုးဖြစ်လေသည်။ သီပေါမင်းတရားလက်ထက် မီးထွန်းပွဲ သဘင် ကျင်းပပုံအကြောင်းတစ်ရပ်ကို ထိုရာဇဝင်တော်ကြီးတွင် ဤသို့တွေ့ရပေသည်။ ရှို့လွှတ်မြဲ မီးမျိုးစုံများကို မဟာလောကမာရဇိန်ဘုရား၊ မာန်အောင်ရတနာဘုရား.နှစ်ဆူမှာ ခွဲဝေရှို့လွှတ်ပူဇော်ရသည်။.နှစ်စဉ်ထွန်းလင်းပူဇော်မြဲ တစ်ဆယ့်ခြောက်ဌာန ပြင် အရှင်နှစ်ပါး နံတော်သင့်.ဘုရားများပါ စုစုတစ် ဆယ့်ရှစ်ဌာနဘုရားများမှာ.မီးစောင်းတန်း ထွန်းလင်းပူ ဇော်ရာ မှူးကြီးမတ်ကြီးတို့နှင့် မှူးတော်မတ်တော်အရာရှိ တို့ ခွဲဝေသွားရောက်ကြီးကြပ် ပွဲသဘင်ခင်းကျင်း ထွန်း လင်းပူဇော်ရသည်။ တစ်ဆယ့်ရှစ်ဌာနများသို့ မီးထွန်းလင်း လမ်းလျှောက် တီးမှုတ်ထမ်းရွက်စေရန် သေနတ်၊ အမြောက်၊ ဝင်း၊ ဒိုင်း၊ လှေ၊ ဘောင်၊ ရပ်ကွက်များက အသီးသီးထွက်သည့် အိုးစည်၊ ဒိုးပတ်၊ ပုံထောင်၊ မောင်း၊ တီးမှုတ်သူတို့ကို တစ်ကိုယ်လျှင် ငွေဒင်္ဂါးငါးပြားကျ သနားတော်မူသည်။ ယင်းသည့်နေ့ ရွှေနန်းတော် မြေနန်း တော်တောင်ဘက်တွင် တစ်ဆယ့်ခြောက်ဌာနဝင်္က်ပါ၊ စိကြနန္ဒာဝင်္က်ပါများကို လုပ်ဆောင်ရသည်။ .လပြည့်ကျော် ခုနှစ်ရက်နေ့ မြေနန်းတော်တောင်ဘက် သောဠ သဝင်္က်ပါ ကို ပြီးပြေအောင်လုပ်ဆောင်၍ မီးထွန်းလင်းစေပြီးလျှင် အရှင်နှစ်ပါးထွက်စံတော်သည်။

# တန်ဆောင်တိုင်ပွဲ[ပြင်ဆင်ရန်]

*အကျယ်တဝင့် ဖော်ပြထားသောဆောင်းပါး - တန်ဆောင်တိုင်ပွဲတော်*

တန်ဆောင်မုန်းလ ဗြိစ္ဆာရာသီတွင် ကထိန်သင်္ကန်းကပ် လှူပွဲ၊ ဆီမီးတန်ဆောင်ထွန်းညှိပွဲ၊ မသိုးသင်္ကန်း ရက်လုပ်ပွဲတို့ ကို ကျင်းပရိုး ဖြစ်လေသည်။ ဘကြီးတော်မင်းတရားလက်ထက် ကျင်းပသော ကထိန်နှင့် ဆီမီးတန်ဆောင်ပွဲတို့အကြောင်းကို ထို ရာဇဝင်တော်ကြီးတွင် ဤသို့တွေ့ရလေသည်။ တန်ဆောင်မုန်းလဆန်း တစ်ဆယ့်ငါးရက်နေ့ အနောက် အတွင်းတော်မှာ ကထိန်သင်္ကန်းရက်လုပ်စေ၍ ဘုရား စေတီပုထိုးများမှာ လှူတော်မူသည်။ အရညဝါသီပုဂ္ဂိုလ်၊ ဂါမဝါသီပုဂ္ဂိုလ်၊ အရိယာ သံဃာတော်မြတ်တို့အားလည်း ကထိန်သင်္ကန်း ခုနှစ်ရာ့ ခုနှစ်ဆဲ့ ခုနှစ် (၇၇၇) တို့ကို အရှင်မိဘုရားခေါင်ကြီးနှင့် ရေစက်သွန်းတော်မူ၍ ကပ်လှူ တော်မူသည်။ တန်ဆောင်မုန်းလ ရက်သုံးဆယ် လုံးလည်း ရွှေမြို့တော်နှင့်တကွ ပြည်တွင်းပြည်ပ၊ လက်တွင်းလက်ပ၊ လမ်းသေးလမ်းမများကို တန်ဆာဆင်စေပြီးလျှင် ရွှေနန်း တော်မှစ၍ ပြည်အလုံးကြွတ္တိကာသဘင် ကောင်းကင်ဆီမီး တို့ဖြင့် ညှိထွန်းပူဇော်ကြရသည်။ တန်ဆောင်မုန်းလပြည့် ကျော်ရှစ်ရက်နေ့ ဘုရားစေတီပုထိုးများမှာ ဆီမီးတန် ဆောင်တိုင် အတောင်နှစ်ဆယ်၊ နှစ်ဆဲ့ငါးတောင်၊ သုံးဆယ်၊ တိုင်ပေါင်းရှစ်ဆယ် ညှိထွန်း ပူဇော်တော်မူ သည်။ သီပေါမင်းတရားလက်ထက် မသိုးသင်္ကန်းပွဲတော် ကျင်းပ ပြုလုပ်ပုံကို ထိုရာဇဝင်တော်ကြီးတွင် ဤသို့ တွေ့ရလေသည်။ ယင်းသည့်လဆန်းတစ်ဆယ့်လေးရက်နေ့အနောက်စမုတ်တော်ဦးပွဲကြည့်စံနန်းတော်သို့ အရှင်နှစ်ပါး ထွက်စံတော် မူ၍ ဝါကောက်ရန် ညဥ့်နှစ်ချက်တီးအချိန်မတိုင်မီအတွင်းပွဲသဘင်စုံများကို ကျင်းပစေပြီးလျှင် ညဥ့်နှစ်ချက်တီး ပဟိုရ်တော်သံ ကြားသည်နှင့်တစ်ပြိုင်နက် မျိုးစေ့ကြဲ မြေါ်ကာ်၊ ပင်ရောက်ပွင့်သီး၊ လုံးကြီးဝါပေါက်၊ ကောက် ယူမဆိတ်၊ အကြိတ်အဘန်၊ ပြန်လှန်တုံ့ပယ်၊ ရှယ်ခြင်း ရက်ခြင်း၊ ဆိုးခြင်းစုံလင်၊ အစီရင်တို့ကို အသံကူး ပြောင်း၊ ဟောင်းခြင်းသိုးခြင်းမရှိစေရ။ ကတော်မယားတို့ တစ်ဦးထက် တစ်ဦးသာအောင် ကြိုးပမ်းအားထုတ် ပြိုင်ဆိုင်ရက်လုပ်ကြရသည်။ မသိုးသင်္ကန်းတော် ကြီးကြပ် ရက်လုပ်သည့် ကတော်မယားတို့ကိုလည်း ပုဝါအုပ်၊ ပိတ် အုပ်၊ သက္ကလတ်ခြုံထည်များ သနားတော်မူ၍ ဦးစွာပြီးသူ ကို ရွှေဘလားသနားတော်မူသည်။ မြင်းစုကြီးဝန်မယားမှာ ချည်ခင်ကို နေအိမ်ကဆောင်ယူလာ၍ ထည့်သွင်းရက်လုပ် ရန် ဇုက်ထားသည်ကို တွေ့မိသောကြောင့် ရွှေနန်းတော်ကို လှည့်၍ ဒိုးပတ်နှင့်ကရသည်။ ထိုပွဲများအပြင် ရှင်မာလဲပွဲကိုလည်း ကျင်းပတတ်သေး ကြောင်းဖြင့် ပုဂံဝန်ထောက်မင်းဦးတင်က မြန်မာမင်း အုပ်ချုပ် ပုံစာတမ်း၊ ပထမအုပ်၊ မျက်နှာ ၂၃၈ တွင် 'ကာကသတ္တဝါ၊ တာရာထိန်ဆဲ၊ ကထိန်ပွဲလျှင်၊ ရှင်မာလဲပွဲ၊ တန်ဆောင်ပွဲက၊ ပွဲ ကြီးသုံးဖြာ၊ ကြုံကြိုက်ပါလိမ့်'ဟု ဖွဲ့ဆိုခဲ့သည်။ ရှင်မာလဲပွဲ သည် သီဟိုဠ်ကျွန်း ကုရာဒဇနပုဒ်တွင် သီတင်းသုံးသော ရှင်မာလဲမထေရ်ကိုအကြောင်းပြု၍ ဖြစ်ပေါ်လာသည်ဟု ပေါရာ ဏဒီပနီကျမ်း၊ ဒုတိယတွဲတွင် ပါရှိလေသည်။ တစ်ခါသော် ရှင်မာလဲ မထေရ်သည် တာဝတိံသာနတ်ပြည် စူဠာမဏိစေတီ တော်ကို အဖူးအမြော်သွားရာတွင် အရိမေတ္တေယျ အလောင်း တော်နတ်သားနှင့်ဆုံမိသည်။ ထိုအခါ အလောင်းတော်နတ်သား က တန်ဆောင်မုန်းလပြည့်တိုင် ရောက်သည့်အခါတိုင်း ဝေဿန္တရာ ဇာတ်တော်ကို လူအပေါင်းတို့အား ဟောကြားပါရန် လျှောက်ထားတောင်းပန်လိုက်သဖြင့် ရှင်မာလဲမထေရ်သည် တန်ဆောင် မုန်းလပြည့်နေ့တို့တွင် ဝေဿန္တရာဇာတ်တော်ကို ဟောကြားလေသည်။ ထို့ကြောင့် ရှင်မာလဲပွဲအခါ၌ ဂါထာ တစ်ထောင်ဖြင့်

တန်ဆာဆင်အပ်သော ဝေဿန္တရာ ဇာတ်တော် ကြီးကို ဟောပြောရသည်။ လှော်ကားတော်ပုံပြု၍ လှော်ကား ထက်တွင် အသီးတစ်ထောင်၊ အပွင့်တစ်ထောင်၊ ထမင်းဆုပ် တစ်ထောင်၊ ဆီမီးတစ်ထောင်စသည်တို့ကို လှူဒါန်းပူဇော်ရ လေသည်။

## နတ်ပွဲ[ပြင်ဆင်ရန်]

နတ်တော်လ ဓနုရာသီတွင် မဟာပိန္နဲနတ် ပူဇော်ပွဲကို ကျင်းပရိုးထုံးစံရှိသည်။ ထို့ကြောင့် အင်းဝမြို့ဘွဲ့ ဆဲ့နှစ်ရာသီ လူးတားတွင် 'ဂမုန်းအင်နှင့်၊ သဇင်ပွင့်ပေါ်၊ လနတ္တော်ကား၊ ပူဇော်ကြီးစွာ၊ မင်းဆရာတို့၊ မဟာ ပိန္နဲ'ဟု စပ်ဆိုထားခြင်း ဖြစ်လေသည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် လည်း ဘကြီးတော် မင်းတရားလက်ထက်က မဟာပိန္နဲပွဲ ဆင်ယင်ကြောင်းကို ဤသို့ မှတ်တမ်းတင်ထားလျက်ရှိလေ သည်။ နတ္တော်လဆန်းတစ်ဆယ့်ငါးရက်နေ့ မဟာပိန္နဲနတ်ကို ရထားတင်၍ ဗလိနတ်စာပေးတော်မူ၏။

## မြင်းခင်းပွဲ[ပြင်ဆင်ရန်]

*အကျယ်တဝင့် ဖော်ပြထားသောဆောင်းပါး - မြင်းခင်းသဘင်*

ပြာသိုလ မကာရရာသီတွင် သေနင်္ဂဗျူဟာ အခမ်း အနားတစ်ရပ်ဖြစ်သော မြင်းခင်းပွဲ ဆင်ခင်းပွဲတို့ကို ဆင်ယင် ကျင်းပရိုးရှိလေသည်။ သီပေါမင်းတရားလက်ထက် ဆင်ခင်း မြင်းခင်း စက်သွင်းသဘင်တော် ကျင်းပပုံကို ထိုရာဇဝင်တော် ကြီးတွင် ဤသို့တွေ့ရလေသည်။ မြေနန်းတော် လက်ဝဲဘက်တွင် အမြင့် တစ်ဆယ့်ငါး တောင်ကစ၍ နှစ်ဆယ်၊ နှစ်ဆဲ့ငါးတောင်၊ သုံးဆယ်၊ ငါးဆယ်၊ အနောက်ကအရှေ့သို့ အတည့်အတန်း စက်တိုင် ငါးစိုက်ထူပြီးလျှင်.မင်းညီ မင်းသား၊ ဝန်ကြီး၊ အတွင်း ဝန်၊ ဝင်းတော်မှူး၊ မှူးတော်မတ်တော်၊ လက်သုံးတော်၊ လက်စွဲတော်တို့ သနားတော်မြတ်ခံရသည့် မျဉ်း၊ မောက် တို၊ စစ်ဝတ်တန်ဆာ ဆင်ယင်ပြီးလျှင် မြင်းကြိုးကစုံများ ကိုစီးနင်း၍ တစ်ကိုယ်လျှင် ဆယ်ခေါက်ကျ လုံလျှင် ဆယ်စင်းစီကုန်အောင် ထိုးကြရသည်။. စက်စွဲသည့် မင်းညီ မင်းသား၊ မှူးတော် မတ်တော်၊ လက်သုံးတော်၊ လက်စွဲတော်တို့မှာ တစ်လက်စွဲလျှင် ငွေပွင့်ထိုး ပန်းပုဝါ တစ်၊ သဇင်ပန်းခိုင် တစ်စီ သနားတော်မူသည်။ .စက် ထိုးသဘင်ပြီးလျှင် ကသည်းအက္ကပတ် မြင်းတပ်ဗိုလ်အရာ ရှိတို့နှင့် မြင်းအမှုထမ်းတို့ ရှောက်သီးထားခုတ် လှံထိုး၊ ငှက်ပျောပင်စိုက် ရေအိုးတင် ထားခုတ်၊ မြင်းအစိုင်းအနှင့် အရေးအရာများကို ထိုးခုတ်ပြပြီးနောက် ရွှေနန်းတော်သို့ ဝင်တော်မူသည်။.လပြည့်ကျော် လေးရက်နေ့ ဘဝရှင် မင်းတရားကြီးဘုရား .ထွက်စံတော်မူပြီးလျှင် ဆင်တော် စီးရေသုံးဆဲ့နှစ်ကို တွဲဘက်တိုက်ဌေ့စေပြီးနောက် စစ်မြေ အရပ်တွင် ဆင်တော်များကို ရဲဝံ့တံ့စား အကြောက်အရွံ့ မရှိရအောင် သေနတ်၊ မီးပေါက်၊ ယမ်းမီး၊ ပြောက်၊ ဒိုင်း၊ ကာတို့ဖြင့် ပစ်တောက် ရိုက်ခတ် ခြောက်လှန့်စမ်းသပ် သည်များကို ကြည့်ရှုတော်မူ၍ ရွှေနန်းတော်သို့ ဝင်တော် မူသည်။

## မီးဖုံးယာဂု လှူသောပွဲတော်[ပြင်ဆင်ရန်]

တပို့တွဲလ ကုံရာသီတွင် မီးဖုံးယာဂု လှူသောပွဲတော် ကို ကျင်းပရိုးရှိလေသည်။ ဤပွဲတို့အကြောင်း ထိုရာဇဝင်တော်ကြီး၌ ဤသို့တွေ့ရလေသည်။ တပို့တွဲလ၊ ပဏ္ဏရသီ၊ တိထီထွန်းစည့်၊ လပြည့်နေ့အခါ ဝယ်၊.ဆက္ကဒန္တ၊ ပြောင်မှန်ဝပင်၊ အေးမြသော အစွယ်ရှိ သည်ဖြစ်၍ သုံးလူ့ထွတ်ထား၊ မြတ်စွာဘုရားပင်လျှင်၊ လေးပါးသော မဟာဘူတ မျှတစေရန်၊ မီးရှိန်ခံတော်မူ သည်ကို ရည်ပြီးလျှင်၊ ရုပ်ရှင်တော်ပွား၊ ကိုယ်စားတော် စားဖြစ်သော.ဘုရားတစ်ဆယ့်ငါးဆူ၊ ရွှေဂူစေတီ၊ သရီရ မြတ်၊ မွေတော်ဓာတ်တို့အား နှစ်စဉ်ပူဇော်လှူဒါန်းမြဲ နံ့သာမျိုးဆယ်ပါးတို့တွင် သာရဂန္ဓအစစ်၊ အနှစ်နံ့သာတို့ ဖြင့်ပြည့်သော၊ မီးခံနှင့်တကွသော မီးဖုံး ပြာသာဒ်တော် ဆူရေတစ်ဆယ့်ငါး၊ ကောက်သုံးပါးတို့တွင်၊ သြဇာလေး နက်၊ အကျိုးတက်သော၊ ကောက်ကြီးဆန်မြတ်၊ ပေါက် လတ်လက်ဦး၊ ဆွတ်ယူခူးသော ကောက်ဦးဆွမ်း အဖြစ် ဖြင့်ကောင်းစွာ ကျိုချက်အပ်သော မွန်မြတ်သော ယာဂု ဆွမ်းအလှူတော်များကို စာရင်းပါတစ်ဆယ့်ငါးဆူသော ဘုရားရှင်တို့အား သဇင်ပန်း၊ ဆီမီးတန်ဆောင်စသော အလှူတော်များနှင့်တကွ.ကောင်းမွန်စွာ အရုဏ်ဆွမ်းကပ် ၍၊ မီးဖုံးတော်များကို လှူဒါန်းပူဇော်တော်မူသည်။

# သဲပုံစေတီပွဲ[ပြင်ဆင်ရန်]

*အကျယ်တဝင့် ဖော်ပြထားသောဆောင်းပါး - သဲပုံစေတီပွဲ*

တပေါင်းလ မိန်ရာသီတွင် သဲပုံစေတီပွဲကို ကျင်း ပရိုးရှိလေသည်။ ဤလတွင် ဧရာဝတီမြစ်တွင် သဲသောင်များ ဖြူဖြူဖွေးဖွေး ထွန်းပေါ်၍ ရေကျေးရေငှက်များ မြူးထူးပျော်ပါး ကြသဖြင့် အလွန်ကြည်နူး ဘွယ်ဖြစ်လေသည်။ ထိုအခါတွင် မင်းမိဘုရားနှစ်ပါးသည် မင်းညီမင်းသား မှူးတော်မတ်တော်တို့ နှင့်အတူ သောင်ပြင်သို့ ထွက်စံတော်မူကာ သဲပုံစေတီများကို တည်၍ ပူဇော်ကန်တော့ကြလျက် ပွဲလမ်းသဘင်ဆင်ယင်ကျင်းပ ကြလေသည်။ ဤကိုရည်၍ အင်းဝမြို့ဘွဲ့ဆဲ့နှစ်ရာသီလူးတားတွင်၊တစ်ပေါင်းလသာ၊ လတကာထက်နှိုင်းရာဖက်ရှောင်၊ လများနောင်ကားတောင်လည်းသာမော၊ တောလည်းသာထွေရေလည်းသာလှ၊ ဖြူလွသောင်ပြင်ငှက်ပေါင်းရွှင်လျက်၊ သဘင်အပြီသဲစေတီဟု၊ မြှောက်ချီရွှင်ပပူဇော်ကြမှ၊ ပြည်ပပြည်တွင်းဖြောင့်စင်းရည်စောင်၊ ဆီမီးထောင်နှင့်ထွန်းပြောင်ညီရုံး၊ ပန်းလျှင်ကုံးသို့နှလုံးသဒ္ဓါ၊ ရတနာသုံးဘော်ဖူးမြော်ကုန်ကြ၊ လွန်ရွှင်ပြရှင့်။ ဟူ၍ ဖွဲ့ဆိုထားသည်ကိုတွေ့ရလေသည်။ဤသို့အားဖြင့် ဆဲ့နှစ်ရာသီပွဲတော်တို့ကို မင်းမိဘုရား နှစ်ပါးအမှူးပြု၍ အစဉ်တစိုက် ကျင်းပလာခဲ့ကြရာ အချို့ပွဲတော်များသည် ယခုအခါတိုင်အောင် ဆက်လက်ခေတ်စားဆဲ ပင်ဖြစ်ပေသည်။ အချို့မှာမူကား တိမ်ကောပပျောက်ကြလေပြီ တည်း။[၁]